၂၀၂၀ ပြည့်နှစ် မတ်လ

အောင်မြင်မှု ခရီးလမ်း

## မျိုးစေ့မှသည် ဈေးကွက်ဆီ - ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ တောင်သူငယ်များ လယ်ယာထုတ်ကုန် တန်ဖိုးမြှင့် စိုက်ပျိုး



*ကော်ဖီပျိုးခင်းကို ကြည့်ရှုနေသော ဦးဆလိုင်းကပ်ပလင်း*

*"ပျိုးခင်းထည့်သွင်းဖို့ ယာမြေချဲ့ထွင်လိုက်တာ ကျွန်တော့်ဝင်ငွေ တိုးလာတယ်၊ ပြီးတော့ ကျွန်တော့်မိသားစုရဲ့ လူနေမှု အဆင့်အတန်းပါ မြင့်မားလာစေတယ်။"*

ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်မှ အသက် ၅၀ အရွယ် တောင်သူ ဦးဆလိုင်းကပ်ပလင်းက တီထွင်ဆန်းသစ်သူ တစ်ဦးပါ။ သီးနှံအမယ်စုံ စိုက်ပျိုးရေးသင်တန်းကို တက်ရောက်ပြီးတဲ့နောက်မှာ ဆလိုင်းဟာ ခြောက်ဧကရှိတဲ့ ခြံမြေမှာ ကော်ဖီ၊ ထောပတ်၊ လိမ္မော်နဲ့ မျောက်ငိုသီးတွေ စတင်စိုက်ပျိုးခဲ့ပါတယ်။

ဒီသင်တန်းဟာဆိုရင် 'ကော်ဖီ၊ ထောပတ်နှင့် ၀၃ စိုက်ပျိုးထုတ်လုပ်မှု တန်ဖိုးကွင်းဆက် မြှင့်တင်ခြင်းမှတစ်ဆင့် တောင်တန်းဒေသနေသူများ၏ စီးပွားရေး စွမ်းဆောင်ရည် တိုးမြှင့်ပေးခြင်း' (CAEFY) စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP)၏ ဆောင်ရွက်မှုများစွာ အနက်မှ တစ်ခုဖြစ်ပါတယ်။

သစ်သီးဝလံ ပန်းမန်စိုက်ပျိုးခြင်းကဏ္ဍရှိ တန်ဖိုးကွင်းဆက်များ မြှင့်တင်ပေးရာတွင် စိုက်ပျိုးရေးနည်းစနစ်များ ပိုကောင်းစေခြင်းနှင့် ကုန်ကြမ်းပံ့ပိုးသူ၊ ကုန်သည်နှင့် ဈေးကွက်အကြား အဆက်အသွယ်များ ဖော်ဆောင်ပေးခြင်းတို့ ပါဝင်ပါတယ်။ ဒါမှ တောင်သူငယ်များက ၄င်းတို့ရဲ့လယ်ယာထွက်ကုန်တွေကို တန်ဖိုးမြှင့် စိုက်ပျိုးနိုင်ပြီး ဝင်ငွေပိုမို ရရှိနိုင်မှာပါ။

UK aid ရဲ့ DaNa Facility က ပံ့ပိုးပေးတဲ့ CAEFY စီမံကိန်းဟာ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်ရှိ ဒေသခံ တောင်သူငယ် အနည်းဆုံး ၂၀၀၀ အတွက် အလုပ်အကိုင်၊ ဝင်ငွေနဲ့ သက်မွေးဝမ်းကြောင်းများ တိုက်ရိုက်ဖွံ့ဖြိုးစေရန် ရည်ရွယ်ပါတယ်။

ဆလိုင်းဟာ သူ့လုပ်ငန်းပိုကောင်းစေဖို့ နည်းလမ်းတွေကို အမြဲမပြတ်ရှာဖွေနေခဲ့ပြီး ၂၀၁၈ ဇူလိုင်မှာ သူ့ရွာရဲ့အမည်ကို ယူပြီးပေးထားတဲ့ "ယာဒွေး" ပျိုးခင်းကို ဖွင့်လှစ်ခဲ့ပါတယ်။

သူရဲ့ပျိုးခင်းလုပ်ငန်းအသစ်က CAEFY စီမံကိန်းကရရှိထားတဲ့ လုပ်ငန်းပိုင်းကျွမ်းကျင်မှုသင်တန်းကြောင့် အကောင်အထည်ဖော်ဖြစ်တာဖြစ်ပြီး ဒီသင်တန်းက လုပ်ငန်းစီမံကိန်းတစ်ခု ရေးဆွဲမှု၏ အရေးပါပုံကို နားလည်စေပြီး တိကျမှန်ကန်ပြီး အချိန်နဲ့ တစ်ပြေးညီတဲ့ မှတ်တမ်းတွေကို ထားရှိစေပါတယ်။

စီမံကိန်းက လက်တွေ့ လုပ်ငန်းဆောင်ရွက်ဖို့အတွက် ဆလိုင်းလိုအပ်တဲ့ ပစ္စည်းကိရိယာအချို့ကိုလည်း ပံ့ပိုးပေးပါတယ်။ ဖန်လုံအိမ်ပိုက်ကွန်၊ အစက်ချ ရေပေးဝေစနစ်အစုံနဲ့ ခြံစည်းရိုးတွေ ပံ့ပိုးပြီး တပ်ဆင်ပေးခြင်း၊ ပျိုးပင်များစိုက်ရန် အသုံးပြုသည့် ကိုင်းဖြတ်အပင်များကို ရှာဖွေပံ့ပိုးပေးခြင်းတို့ ပြုလုပ်ပေးပါတယ်။

တီးတိန်မှာ လုပ်ငန်းလုပ်ကိုင်ရင်း ဆလိုင်းရဲ့ဝင်ငွေ တိုးပွားလာပါတယ်။ ၂၀၁၈ နဲ့ ၂၀၁၉ မှာ မတူပီမြို့နယ်တစ်ဝှမ်း ရွာများမှ တောင်သူများကို ကော်ဖီ၊ ထောပတ်၊ လိမ္မော်နဲ့ မျောက်ငိုသီး အိတ်ပေါင်း ၂၁ ၀၀၀ ကျော် ရောင်းချရတဲ့အတွက် ဝင်ငွေ ကျပ် ၅၁ သိန်း (၂ ၆၃၈ £) ရရှိခဲ့ပါတယ်။

"စီမံကိန်းက ကျွန်တော့်လုပ်ငန်းအပေါ် တကယ့်ကို သက်ရောက်မှုရှိပါတယ်။ ပျိုးခင်းထည့်သွင်းဖို့ ယာမြေချဲ့ထွင်လိုက်တာ ကျွန်တော့်ဝင်ငွေ တိုးလာတယ်၊ ပြီးတော့ ကျွန်တော့်မိသားစုရဲ့ လူနေမှု အဆင့်အတန်း မြင့်မားစေတယ်" လို့ ဆလိုင်းကပြောပါတယ်။

သစ်သီးဝလံ ပန်းမန်စိုက်ပျိုးခြင်းကဏ္ဍဟာ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးပါတယ်။ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်ရှိ စိုက်ပျိုးရေး တန်ဖိုးကွင်းဆက်များ မြှင့်တင်ရေးမှတစ်ဆင့် တောင်သူငယ်များရဲ့ လယ်ယာထွက်ကုန်တွေကို မျိုးစေ့မှသည် ဈေးကွက်ဆီသို့ တန်ဖိုး အမြင့်ဆုံးရစေခြင်းဖြင့် ၄င်းတို့ဝင်ငွေတိုးလာစေရန် CAEFY စီမံကိန်းက ကူညီလျက်ရှိပါတယ်။

March 2020

**SUCCESS STORY:**

# From Seed to Market: Smallholder Farmers Adding Value in Chin and Shan States



*U Salai Kapling tending coffee seedlings*

U Salai Kapling, a 50-year-old farmer from Matupi Township in Southern Chin State, is an innovator. After attending a training course on crop diversification, Salai began cultivating a six-acre orchard, growing coffee, avocado, oranges, and monkey cry fruit.

The training course was one of a number of activities implemented by the Myanmar Fruit, Flower, and Vegetable Producers' Association (MFVP) under the 'Economic Empowerment of Highland People through Upgrading of Coffee, Avocado and Elephant Foot Yam Value Chains' (CAEFY) project.

Upgrading value chains in the horticultural sector involves improving agricultural practices and establishing connections between suppliers, traders, and markets, enabling smallholder farmers to add value to their produce, resulting in additional income.

The CAEFY project, supported by the UK aid-funded DaNa Facility, aims to directly improve jobs, incomes, and livelihoods for at least 2,000 small agricultural producers in the upland communities of Chin and Shan States.

Salai is constantly on the lookout for ways to improve his business and in July 2018 opened the "Yar Dwe" Seedlings Nursery – named after his village. His new venture was inspired by the CAEFY project, which provided training on business skills, helping him to understand the importance of developing a business plan and keeping accurate, up-to-date records.

*"Expanding the farm to include the nursery has increased my income and helped improve my family's standard of living."*

The project also supplied some of the materials Salai needed to get the business off the ground; greenhouse netting, drip irrigation kits, and fencing were provided and installed; mother plants, which provide the cuttings used to grow seedlings, were sourced and supplied to the nursery.

Salai's income is growing in tandem with the business. In 2018 and 2019, he sold over 21,000 bags of coffee, avocado, orange, and monkey cry fruit seedlings to farmers from villages across Matupi Township, earning him 5,100,000 MMK (£2,638).

"The project has had a real impact on my business. Expanding the farm to include the nursery has increased my income and helped improve my family's standard of living," said Salai.

The horticultural sector is extremely important for Myanmar's development. Through its work to upgrade value chains in Chin and Shan States, the CAEFY project is helping smallholder farmers increase their incomes by maximizing the value of their produce from seed to market.